အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၂၉ ၅ မတ် ၂၀၂၃

## “ ကုလလူ့အခွင့်အရေး မဟာမင်းကြီးနှင့် ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ”

ဖေဖော်ဝါရီ ၂၄



မြန်မာ့အရေး၌ အာဏာသိမ်းစစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်မှုများနှင့်ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး Türk နှင့် အမျိုးသားညီညွတ်ရေးအစိုးရ-NUG၏ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း တို့ ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ဆုံခဲ့ကာ နည်းပညာအကူအညီ များ ပေးအပ်ရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။

မဟာမင်းကြီးအသစ်ဖြစ်သည့် Türk မှာ ဩစတြေးလျ နိုင်ငံသား ရှေ့နေတစ်ဦးဖြစ်ကာ တွေ့ဆုံမှုအတွင်းစစ်ကောင်စီ၏ အကြမ်းဖက်မှုတိုးလာနေခြင်းအပေါ် ပြင်းထန်စွာဝေဖန်ရှုတ်ချကြောင်း ပြောဆိုခဲ့သည်။

ဝန်ကြီးဌာနဘက်မှ “ကျွန်တော်တို့ တိုင်းပြည်မှာ လူ့အခွင့်အရေး ကော်မရှင်တို့ ဘာတို့က အလုပ်မဖြစ်ပါဘူး။ ဘာမှလည်း ကူညီစောင့်ရှောက်ပေးတာမရှိဘူး။ ဒါကြောင့်မို့ ပြည်သူတွေက ကိုယ့်ရဲ့အခွင့်အရေးကို ကိုယ်ကာကွယ်ပြီးတော့ အချက်အလက် စုဆောင်းတာတွေ လုပ်ဆောင်နေရတယ်။ အဲဒီလိုကာလမျိုးမှာ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး အနေနဲ့ နည်းပညာတွေ၊ အတတ်ပညာတွေ၊ နောက်ပြီး ဒါနဲ့ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်နေတဲ့ စစ်ပွဲဆိုင်ရာ ရာဇဝတ်မှုတွေကို အစီရင်ခံတာတွေ၊ စစ်ပွဲဆိုင်ရာ လူသားချင်း စာနာမှု ဥပဒေအကြောင်း ပြည်သူလူထု လေးစားပြီး လိုက်နာဖို့ အတွက် ဒါတွေနဲ့ ပတ်သက်တဲ့ အတတ်ပညာတွေ ပံ့ပိုးပေးဖို့၊ ထောက်ပံ့ပေးဖို့ အဓိက စကားပြောဖြစ်တာပါ” ဟု ဝန်ကြီးက မီဒီယာများသို့ ထုတ်ဖော်ပြောဆိုထားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးမှာ လာမည့် လူ့အခွင့်အရေး ကောင်စီနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ၊ မြန်မာနိုင်ငံအပေါ် ချမှတ်မည့် ဆုံးဖြတ်ချက်များထဲမှ အကြောင်းအရာများနှင့် ပတ်သက်၍လည်း လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုများကိုလည်း သီးခြား ဖြေကြားပေးခဲ့သည်။




မိဘပြည်သူများခင်ဗျာ…

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက် တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေ နဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှု ရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့ တိုင်ကြားနိုင်ပါတယ်။

## ဖေဖော်ဝါရီ ၁၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၃ ရက်အတွင်း အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်နိုင်မှုအခြေအနေ



# ဖေဖော်ဝါရီ ၁၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၇ ရက်အတွင်း အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့်ပြည်နယ် အသီးသီးတို့တွင် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ




ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၇ ရက်နေ့အတွင်း စစ်ကောင်စီတပ်မှ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်ကသစ်ကုန်းနှင့် ကျခတ်အိုက်ရွာမှ ဒေသခံပြည်သူ (၂၀)ဦးအား လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး (၁၈)ဦးအားသတ်ဖြတ်ခြင်း၊ ပုလဲမြို့နယ်၊ ကိုင်းတွင်းကျေးရွာအတွင်း လက်နက်ကြီးများပစ်ခတ်မှုကြောင့် ဒေသခံ ပြည်သူ(၂)ဦး ဒဏ်ရာရရှိခဲ့ခြင်း၊ မင်းတိုင်ပင်ကျေးရွာ၊ နွယ်အင်းကျေးရွာတို့မှ စာသင်ဆောင်များ ဆေးခန်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ကန့်ဘလူမြို့နယ်၊ မြေမွန်ရွာတွင် နေအိမ် (၂၁၈)လုံး၊ ရွှေဘိုမြို့နယ်၊ တည်ပင်ရွာကိုဝင်ရောက်စီးနင်းမီးရှို့၍၍ ယက္ကန်းရုံများနှင့် နေအိမ် ၁၀၀ကျော် ပြာကျခဲ့ခြင်း၊ အရာတော်မြို့နယ် မလဲသာနှင့် မင်းကြီး ရွာတို့ကို လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်း၊ဆေးရုံ လူနေအိမ်များထိခိုက်ပျက်စီးခြင်း၊ တို့အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု (၃၉)ခု ကျူးလွန်ခဲ့ပြီး တစ်နိုင်ငံလုံးတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံးဖြစ်သည်။

**“ပြည်သူတွေကို သတ်ဖြတ်ပြီး ရာဇဝတ်မှုကို ကျူးလွန်လာတယ်ဆိုရင်တော့ လက်နက်တင်ပို့ရောင်းချခြင်းက လူ့အခွင့်အရေးနဲ့ အများကြီး သက်ဆိုင်လာပြီ”**

စာ - ၅ သို့

## " ရာဇဝတ်မှု ကျူးလွန်ခံရသည့် ရိုဟင်ဂျာများအတွက် တရားမျှတမှုရရှိရေး လိုအပ် "

**ဖေဖော်ဝါရီ ၂၂**



မြန်မာပြည်အတွင်းရှိ ရိုဟင်ဂျာများ ကျူးလွန်ခံ ခဲ့ရသည့် ရာဇဝတ်မှုများကို အသိအမှတ်ပြုကာ ၎င်းတို့အတွက် တရား မျှတမှု ရရှိနိုင်ရေး လိုအပ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့ရှိ အမေရိကန်သံရုံးတွင် ပြုလုပ်သည့် နွေဦးတော် လှန်ရေး နှစ်နှစ် ပြည့်နှင့် ရိုဟင်ဂျာ လူမျိုးသုဉ်းသတ်ဖြတ်ခံရမှု ခြောက်နှစ်ပြည့် အခမ်းအနား၌ အမျိုးသား ညီညွတ်ရေး အစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ထည့်သွင်းပြောဆိုလိုက် သည်။

ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်သည့် ယင်းအခမ်း အနားသို့ အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး Mrs. Michèle Taylor ၊ အမေရိကန်အခြေစိုက် လူမျိုးသုဉ်းသတ်ဖြတ်မှု မှတ်တမ်း ပြတိုက်တာဝန်ခံ Ms. Naomi Kikoler နှင့် ရိုဟင်ဂျာ အရေး တက်ကြွလှုပ်ရှားသူ ဦးထွန်းခင် အပါအဝင် ဂျနီဗာ အခြေစိုက် အခြားနိုင်ငံများမှ သံတမန်များလည်း တက်ရောက် ခဲ့သည်။

ဝန်ကြီးက NUG အစိုးရ၏ ရိုဟင်ဂျာအရေးအပေါ် ဆောင်ရွက်လျက်ရှိသည့် ကိစ္စများအား ဆွေးနွေးပွဲအတွင်း ထည့်သွင်းပြောဆိုခဲ့ကာ ၂၀၂၂ ခုနှစ် မေ ၄ ရက်ကလည်း နယူးယောက်မြို့ရှိ လူမျိုးသုဉ်းသတ်ဖြတ်မှုမှတ်တမ်းပြတိုက် Holocaust Museum တွင် မိန့်ခွန်းပြောကြားထားဖူးကာ NUG အနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုများနှင့်စပ်လျဉ်းသည့် တရား မျှတမှု ဖော်ဆောင်နိုင်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက် သွားမည့် လုပ်ငန်းစဉ်များ၊ ကတိကဝတ်များကို အတိ အလင်း ပြောကြားထားပြီးလည်း ဖြစ်သည်။

## “လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှုဆိုတာ ခေတ်ပျက်မှာ သူဌေးဖြစ်အောင် လုပ်တဲ့ စီးပွားရေး”

**ဖေဖော်ဝါရီ - ၁၉**



“နိုင်ငံတစ်ခုမှာ စစ်ပွဲတွေဖြစ်ကြမယ်။ နိုင်ငံတစ်ခုမှာ အခက် အခဲတွေ ရှိကြမယ်။ နိုင်ငံတစ်ခုမှာ လူတွေ ဒုက္ခရောက်ကြမယ် ဆိုရင် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ စီးပွားရေးသမားတွေ၊ ဝိသမ စီးပွားရေးသမားတွေအတွက်ပဲ အခွင့်ကောင်း အများကြီး ရှိတတ်ပါတယ်။ အများဆုံး ဖြစ်တတ်တဲ့ အကျိုးစီးပွားကတော့ ဒီပြဿနာတွေအပေါ်မှာ၊ ဒီအခက်အခဲတွေအပေါ်မှာ၊ ဒုက္ခ ရောက်နေတဲ့ ပြည်သူလူထုအပေါ်မှာ အခွင့်ကောင်းယူပြီးတော့

လူကုန်ကူးမှုဆိုတဲ့ မသမာစီးပွားရေးတစ်ခု၊ နောက်ထပ်တစ်ခုကတော့ လက်နက်တွေကို တင်ပို့ရောင်းချ မှောင်ခိုမှုဆိုတဲ့ လက်နက်မှောင်ခိုမှုဆိုတဲ့ စီးပွားရေးနှစ်ခုက ဝိသမစီးပွားရေးသမားတွေအတွက် အမြဲတမ်း လုပ်ဆောင်ပြီး ခေတ်ပျက်မှာ သူဌေးဖြစ်အောင်လုပ်တဲ့ နည်းလမ်းတွေ ရှိပါတယ်”

**- ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသား ညီညွတ်ရေး အစိုးရ**

**(လူ့အခွင့်အရေး စကားသံ - စီးပွားရေးနှင့် လူ့အခွင့်အရေး ကဏ္ဍာ ထုတ်လွှင့်ချက်မှ ကောက်နုတ်ထားခြင်း ဖြစ်သည်။ ယင်းအစီ အစဉ်၌ လူကုန်ကူးမှုဆိုသည့် မသမာစီးပွားရေး၊ လက်နက် မှောင်ခိုမှုများနှင့် မသမာစီးပွားရေး၊ စစ်ကောင်စီနှင့် လက်တွဲ နေသည့် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များ၊ စုံစမ်းဖော်ထုတ်ခြင်း၊ စားသုံးသူသပိတ် မှောက်ခြင်း၊ အစုရှယ်ယာထည့်ဝင်မှုများမှ နုတ်ထွက်ခြင်းတို့သည် လူ့အခွင့်အရေးနှင့် မည်သို့ ဆက်စပ်နေ သည်ကို စုစည်းဖော်ပြ ထားသည်။)**

## “Human Rights Barometer Epidose(7)”

“စစ်ပွဲတွေ ဖြစ်လာလို့ရှိရင် လက်နက်တွေ လိုမယ်။ လက်နက်တွေ လိုတဲ့အတွက် လက်နက် ကုမ္ပဏီတွေကနေ လက်နက်ရောင်းချလေ့ ရှိပါတယ်။ ဒါကစီးပွားရေးလုပ်ငန်း တစ်ရပ် ဖြစ်တယ်လို့ အားလုံးကလည်း လက်ခံထားပြီးသားပါ။ ဒါပေမဲ့ အဲဒီလက်နက်တွေကို ရောင်းချတဲ့သူတွေက ဘယ်လို လူတွေကို ရောင်းချတာလဲ၊ ရောင်းချတဲ့သူတွေကကော ဘယ်လို မျိုး အကျိုးအမြတ်ရယူပြီးတော့ ဝယ်ယူတဲ့သူတွေက ဒီ လက်နက်ကို ဘယ်လိုနေရာမှာ အသုံးချသလဲ။ အဲဒီနေရာမှာ ကျွန်တော်တို့ မေးခွန်းထုတ်စရာ ရှိပါတယ်။ တကယ်လို့ ကျူးကျော်မှုကို ကာကွယ်ဖို့အတွက်၊ ခုခံဖို့အတွက်၊ တိုက်ပွဲဝင်ဖို့ အတွက် လက်နက်တွေကို ဝယ်ယူတယ်ဆိုရင် ဒါက မှန်ကန်တဲ့ စီးပွားရေးလည်း ဖြစ်သလို လက်နက်ကို အသုံးပြုပြီးတော့ မှန်ကန်တဲ့နည်းလမ်းအရ အသုံးချတာ ဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ရှိနေတဲ့ စစ်ကောင်စီရဲ့ လုပ်ရပ်ကို ကြည့်ပါ။ ပြည်သူတွေကို လက်နက်အားကိုးနဲ့ အနိုင်ကျင့်နေတယ်၊ ရက်စက်စွာ သတ်ဖြတ်နေတယ်၊ ဝယ်ယူ ထားတဲ့ခေတ်မီ နည်းစနစ်တွေ ခေတ်မီလေယာဉ်တွေ တိုက်လေယာဉ်တွေနဲ့ လက်နက်ကြီးတွေကို အသုံးပြုပြီးတော့ အပြစ်မဲ့ပြည်သူတွေ အပေါ်မှာ ရွာပေါင်းများစွာ မီးရှို့ဖျက်ဆီးတာ၊ အသက်ပေါင်း များစွာ သတ်ဖြတ်တာ ဖြစ်တယ်။ ဒါဆိုလို့ရှိရင်တော့ ဒီမေးခွန်း ရဲ့ အဖြေက ရှင်းပါလိမ့်မယ်။ တရားမျှတမှုအတွက်၊ ကာကွယ်မှု အတွက် လက်နက်တွေကို အသုံးချတာ မဟုတ်ဘဲနဲ့ ပြည်သူတွေ ရဲ့ လူ့အခွင့်အရေးတွေကို ချိုးဖောက်ပြီးတော့ ပြည်သူတွေ အပေါ် ရာဇဝတ်မှုမျိုးစုံ ကျူး လွန်အောင် လုပ်ဆောင်တဲ့အခါမှာ ဒီလက်နက်ရောင်းချမှုကို လူ့အခွင့်အရေးရှုထောင့်က ကြည့်ဖို့ လိုအပ်ပါတယ်။ လက်နက်က လူ့အခွင့်အရေးချိုးဖောက်ဖို့ အတွက် အားပေးတဲ့အရာ ဖြစ်လာတယ်။ ဝယ်ယူတဲ့ အကြမ်းဖက် စစ်ကောင်စီကလည်း ရာဇဝတ်မှုတွေကိုကျူးလွန်ဖို့ ဒီလက်နက်တွေကို အသုံးပြုလာတယ်။ ဒါဆိုလို့ရှိရင်တော့ ဒီလက်နက်က စီးပွားရေးလုပ်ငန်းမကဘဲနဲ့ လူ့အခွင့်အရေးနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတစ်ရပ် ဖြစ်လာတယ်။ လူ့အခွင့်အရေးကို လေးစားရမယ့်အစား လူ့အခွင့်ရေးကို ချိုးဖောက်နေတယ်။ ပြည်သူတွေကို ကာကွယ်ရမယ့်အစား သတ်ဖြတ်ပြီး ရာဇဝတ်မှုကို ကျူးလွန်လာတယ်ဆိုရင်တော့ လက်နက်ဟာ လူ့အခွင့်အရေးကို ထိခိုက်စေတဲ့၊ ရာဇဝတ်မှု ကျူးလွန်မှုကို အားပေးအားမြှောက်လုပ်တဲ့ အရာဖြစ်တဲ့အတွက် လက်နက်တင်ပို့ရောင်းချခြင်းက လူ့အခွင့်အရေးနဲ့ အများကြီး သက်ဆိုင်လာပါပြီ” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (စစ်ကောင်စီတပ်ကို လက်နက်တင်ပို့ရောင်းချမှုတားမြစ်နိုင်ရေး ဖြတ် ၃ ဖြတ် | Human Rights Barometer - Episode 7 ကောက်နုတ်ချက်)**

**(ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။)**

# “လေကြောင်းတိုက်ခိုက်မှုက ရွာထဲတည့်တည့်ကိုပဲလုပ်တာဗျ”

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်ရှိ အလယ်ဆိပ်ကျေးရွာအား အကြမ်းဖက်စစ်ကောင်စီတပ်များက ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နံနက်ပိုင်းက လေကြောင်းတိုက်ခိုက်မှုအပြင် ခြေလျှပ်တပ်များသုံး၍ မီးရှို့ဖျက်ဆီးမှုများကြောင့် ပြည်သူပိုင်နေအိမ် ၃၃ လုံး၊ ကျေးရွာစာကြည့်တိုက်၊ စပါးတိုက်များ မီးလောင်ပျက်စီးခဲ့သည့်အပြင် စပါးတင်းပေါင်း ထောင်နှင့်ချီ ဆုံးရှုံးခဲ့ရသည်။

အလယ်ဆိပ်ကျေးရွာအား ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းကလည်း အကြမ်းဖက်စစ်ကောင်စီ တပ်များက ဝင်ရောက်စီးနင်းကာ တန်ဖိုးရှိပစ္စည်းများ လုယက်ခြင်း၊ ပြည်သူများပိုင် ဆိုင်ကယ်များအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သော်လည်း နေအိမ်မီးရှို့မှုများ ကျူးလွန်ခဲ့ခြင်း မရှိပေ။

“လေကြောင်းတိုက်ခိုက်မှုက ရွာထဲ တည့်တည့်ကိုပဲ လုပ်တာဗျ။ ပြည်သူတွေအနေနဲ့ ကတော့ ကြိုတင်ရှောင်ရှားမှုတွေ လုပ်ထားတဲ့အတွက် ထိခိုက်သေဆုံးမှုတော့ မရှိခဲ့ပါဘူးခင်ဗျ၊ ရွာထဲကို ပစ်တာဆိုတော့ နေအိမ်တွေကတော့ လက်နက်ကြီးထိလို့ ပျက်စီးသွားတယ်။ နောက်ပြီးတော့ သူတို့ကိုက လေကြောင်းတိုက်ခိုက်မှုအပြီးမှာ ရွာထဲဝင်ပြီး မီးရှို့တာဆိုတော့ စပါးတွေ တင်းပေါင်း ထောင်နဲ့ချီပြီး မီးလောင်ပျက်စီးသွားပါတယ်။ သူတို့ဘက်က အလယ်ဆိပ်ရွာဘက်ကို လာတဲ့အခါတော့ အင်အားက (၁၀၅) ယောက်ပါခင်ဗျာ။ သူတို့အသုံးပြုသွားတဲ့ လက်နက်တွေက လက်နက်ငယ်တွေလည်း ပါတယ်၊ ပြီးတော့ (၆၀) မမတွေ၊ (၁၂၀) တွေ၊ (၈၂) နောက်ပွင့်တွေ သုံးသွားတယ်ခင်ဗျ။ လေကြောင်းတိုက်ခိုက်မှုကတော့ သူတို့ အချိန်ကြာကြာလေး ဝဲနေတယ်ခင်ဗျ။ ဝဲပြီးမှ ချတာဆိုတော့ မိနစ် (၂၀) လောက်တော့ ကြာတယ်ဗျ။ အဲဒီမှာ လေယာဉ်နဲ့ကျဲတာဆိုတော့ ရွာထဲကို (၄) လုံးကျတယ်၊ မဲဇာ ရဲစခန်းနားကို (၂) လုံး ကျတယ်။ စုစုပေါင်း (၆) လုံးကျပါတယ်"

**- ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး**

(စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊
အလယ်ဆိပ်ကျေးရွာအား အကြမ်းဖက်စစ်ကောင်စီက
ဒီဇင်ဘာ ၂၇ ရက်နံနက်ပိုင်းက
လေကြောင်းတိုက်ခိုက်ခဲ့သည့်အပြင် ခြေလျင်တပ်များက
ဝင်ရောက်မီးရှို့ဖျက်ဆီးမှုဖြစ်စဉ်အား
ဒေသကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးအား
ဆက်သွယ်မေးမြန်းထားခြင်း)

## “ရိုဟင်ဂျာတွေအပေါ် ရက်စက်ကြမ်းကြုတ်မှုတွေရဲ့ အတိုင်းအတာနဲ့ အဲ့ဒီရက်စက်ကြမ်းကြုတ်မှုအတိုင်းအတာကို အမှန်တကယ်အသိအမှတ်ပြုဖို့၊ တာဝန်ရှိတဲ့သူ ကျူးလွန်သူတွေကို အပြစ်ပေးအရေးယူဖို့ ဖြင်းဆိုလေ့ရှိတဲ့ အစဉ်အလာကို ရပ်တန့်ပစ်ရပါမယ်။ အမှန်တရားကို ထုတ်ဖော်ပြောဆိုခြင်းနှင့် တာဝန်ခံမှုတို့ဟာ ဒီကိစ္စအတွက်မရှိမဖြစ်အရေးပါတဲ့အရာတွေဖြစ်တယ်။”

**ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ကျင်းပပြုလုပ်သည့် United State Holocaust Memorial Museum/US Parmanent Mission အဖြစ် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုအခြေအနေဆွေးနွေးခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ပြောကြားချက်**

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

### ၃,၀၃၇ + ၁၆,၀၉၃

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့သည့် ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူများ သေဆုံးရမှုမှာ ၃,၀၇၃ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ထို့ပြင် အာဏာသိမ်းချိန်မှ ၂၀၂၃ ခုနှစ် မတ် (၁)ရက် အထိ ဖမ်းဆီးချုပ်နှောင်ခံရသူပေါင်း ၁၆,၀၉၃ ဦးရှိကာ ၄,၇၀၉ ဦးမှာ ထောင်ဒဏ်ချမှတ်ခြင်း ခံထားရသည်။ ၃,၈၃၇ ဦးမှာ ပြန်လည်လွတ်မြောက်လာပြီ ဖြစ်သည်။

### ၁၄၄ - ၄၁

အာဏာရှင်စနစ် ဆန့်ကျင်ရေး နွေဦးတော်လှန်မှုအတွင်း ပါဝင်မှုဖြင့် ၂၀၂၃ ခုနှစ် မတ်လ ၁ ရက်အထိ အကြမ်းဖက်စစ်ကောင်စီ၏ သေဒဏ်ခံရသူပေါင်း ၁၄၄ ဦးအထိ ရှိပြီ ဖြစ်သည်။ ယင်းအနက် ၁၂၀ ဦးမှာ မျက်ကွယ်သေဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ကာ လက်တွေ့ ကွပ်မျက်ခံခဲ့ရသူ ၄၁ ဦးအထိ ရှိသည်။ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ သေဒဏ်ဖြင့် ဆက်လက်ထိန်းသိမ်းခံထားရသူပေါင်းမှာ ၁၀၃ ဦးအထိ ရှိသည်။

### + ၃ (၄၇)

အာဏာသိမ်း စစ်ကောင်စီက စစ်ကိုင်းတိုင်းအတွင်းရှိ ရွှေဘို၊ ဝက်လက်နှင့် အရာတော်မြို့နယ်တို့အား စစ်အုပ်ချုပ်ရေးကျင့်သုံးမည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က ထပ်မံကြေညာလိုက်ရာ နိုင်ငံတစ်ဝန်း စစ်အုပ်ချုပ်ရေးသတ်မှတ်ခံထားရသည့် မြို့နယ် ၄၇ မြို့နယ်အထိ ရှိလာပြီ ဖြစ်သည်။

### # ဒီးမော့ဆို - ၂

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာများအား ဘောလခဲမြို့အခြေစိုက် အကြမ်းဖက်စစ်ကောင်စီတပ်များက တိုက်ပွဲတစုံတရာမရှိဘဲ ဖေဖော်ဝါရီ ၂၇ ရက် နေ့လယ်ပိုင်းက လက်နက်ကြီးများဖြင့် ပစ်ခတ်ရာ ဒေသခံနှစ်ဦး ဒဏ်ရာရရှိခဲ့ရာ အမျိုးသားတစ်ဦးမှာမူ ဆေးကုသမှုခံယူရန် ပို့ဆောင်စဉ် လမ်း၌ပင် သေဆုံးသွားခဲ့သည်။

ထို့ပြင် ယင်းနေ့ ည ၈ နာရီဝန်းကျင်ကလည်း အကြမ်းဖက်စစ်ကောင်စီ၏ ခြေလျင်တပ်ရင်း (ခလရ) ၂၀၁ က ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းရှိ ရွာများအား လက်နက်ကြီးဖြင့် ခြောက်ကြိမ်ပစ်ခတ်ခဲ့ရာ စစ်ဘေးရှောင်များနေထိုင်ရာ အိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲ၍ စစ်ဘေးရှောင်အမျိုးသမီးတစ်ဦး ပွဲချင်းပြီးသေဆုံးကာ သူမ၏ ခင်ပွန်းဖြစ်သူနှင့် အခြားအမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ကိုးကား - Data for Myanmar, AAPP

